ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ရက်၊ အင်္ဂါနေ့၊ (22-6-2010) (မြင့်၇၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု **စာမျက်နှာ ၃ ကော်လံ ၁ သို့**❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(အပေါ်ပုံ)

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း နှင့် အဖွဲ့ဝင်များ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

The Mirror

၂၂-၆-၂၀၁၀
(အင်္ဂါနေ့)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထာဝစဉ်

ကမ္ဘာမြေပေါ်တွင် သက်ရှိအားလုံး၏ ပတ်ဝန်းကျင်၌ လေထု၊ ရေထု၊ မြေထု သစ်ပင် တောတောင် သဘာဝသယံဇာတများ ဝန်းရံနေသည်။ သက်ရှိအားလုံး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရန် လိုအပ်သည်။ သဘာဝပတ်ဝန်းကျင် ကောင်းမွန်နေစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတုများ ပြောင်းလဲလာလျက်ရှိသည်။ နေရာဒေသအနှံ့အပြားတွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ရေခဲပြင်များ အရည်ပျော်ခြင်း စသည့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများကို တွေ့မြင်ကြားသိနေရသည်။

ပညာရှင်များ၏ သုံးသပ်ချက်အရ ကမ္ဘာကြီးပူနွေးလာမှု၏ ၉၀ ရာခိုင်နှုန်းသည် လူသားတို့၏ လုပ်ရပ်များပေါ်တွင် အခြေခံကြောင်းသိရသည်။ သဘာဝသယံဇာတများ မဆင်မခြင်ထုတ်ယူသုံးစွဲခြင်း၊ ကုန်ထုတ်လုပ်ငန်းများမှ အမှိုက်သရိုက်၊ အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းအမျိုးမျိုးတို့ကြောင့် မြေပြင်ညစ်ညမ်းမှု၊ ရေညစ်ညမ်းမှုတို့ဖြစ်ပေါ်စေသည်။ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ယာဉ်ယန္တရားများမှ ထွက်ရှိသော မီးခိုးများ၊ ဓာတ်ငွေ့များ၊ ပြာများ၊ မကောင်းသောအနံ့ အငွေ့အသက်များကြောင့်လည်း လေထုကိုညစ်ညမ်းစေသည်။

ယင်းဖြစ်ရပ်များကြောင့် နိုင်ငံအများအပြား၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်နေကြရပြီ။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် အစဉ်အလာများ ရှေးကာလများစွာကပင်ရှိခဲ့သည်။ နိုင်ငံအတွင်းရှိ ရေမြေသစ်တော၊ သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ ကြိုးဝိုင်းတောများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ ထိန်းသိမ်းလျက်ရှိသည်။

သစ်တောရေးရာဝန်ကြီးဌာနက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကျေးရွာသုံးထင်းစိုက်ခင်းများ၊ ရေဝေရေလဲသစ်တောများ၊ ကျွန်းအထူးစိုက်ခင်းများကို တိုးချဲ့တည်ထောင်စိုက်ပျိုးနေပြီ။ ကျွန်းသစ်များ ပေါက်ရောက်ဖြစ်ထွန်းသည့် ပဲခူးရိုးမတွင် ကျွန်းနှင့် ပျဉ်းကတိုး၊ ပိတောက်၊ ပျဉ်းမ စသည့် စိုက်ခင်းများ ဖြစ်ထွန်းနေသည်။ မကွေးတိုင်းအတွင်း ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးအတွက် တမာပင်သီးသန့်စိုက်ခင်းများကို တည်ထောင်စိုက်ပျိုးခဲ့ရာ အပင်ပေါင်း ငါးသိန်းကျော် ဖြစ်ထွန်းနေပြီဖြစ်သည်။

သစ်တောသစ်ပင်များသည် ရာသီဥတုကို ညီညွတ်မျှတစေသည်ဖြစ်ရာ သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များ တည်ငြိမ်ရေး ဂရုပြုဆောင်ရွက်ကြရပေမည်။ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများအားလုံးက သစ်တောသစ်ပင် သဘာဝသယံဇာတများ အစဉ်တစိုက် စိုက်ပျိုးတည်ထောင်ထိန်းသိမ်းစောင့်ရှောက်သွားကြခြင်းဖြင့် လူသားများအပါအဝင် သက်ရှိများအားလုံးအတွက် သဘာဝပတ်ဝန်းကျင်ကောင်းများ ပိုမိုဖြစ်ထွန်းနေမည်ဖြစ်ပါသည်။ ။

မကွေးမြို့နယ် မိကျောင်းရဲ အထကမှ ဆရာကြီး ဦးဘမောင်၊ ဦးကြယ်၊ ဦးစောမောင်၊ ဦးဘဦး၊ ဦးဘနောင်၊ ဦးဘငွေး၊ ဦးအောင်ခင်မြင့်၊ ဦးစောဟန်၊ ဦးဘိုးရီ၊ ဆရာမကြီး ဒေါ်ခင်ညွန့်နှင့် ဒေါ်စိန်စိန်ဝင်းတို့အားရည်စူး၍ ရန်ကုန်အခြေပြုတပည့်များက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းဆေး၊ နဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။
(သံဃာ့ဆေးရုံ)

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၁

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ပြီး စာရေးဆရာကျော်ဝင်း ဆွေးနွေးဟောပြောမည့် The world is flat, but... ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဇွန် ၂၆ ရက်တွင် ရန်ကုန်မြို့ ParkRoyal Hotel ၌ ပြုလုပ်မည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်လိုသူများအနေဖြင့် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း ဖုန်း-၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃၊ ၅၀၇၃၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပခုက္ကူ စက်မှုသင်တန်းကျောင်း ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူစက်မှုသင်တန်းကျောင်းသို့ ရောက်ရှိပြီး စက်မှုသင်တန်းကျောင်း၏ စာသင်ခန်းများ ပြင်ဆင်ထားရှိမှုနှင့် Workshop များ၌ သင်ထောက်ကူစက်ပစ္စည်းများ အသင့်ဖြစ်မှုကိုလည်းကောင်း၊ Electrical Workshop, Electronic Workshop, Heat Treatment Workshop, CNC Machines Trainers, Lathe Machine Workshop, Welding Workshop နှင့် Automobile Workshop များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ပခုက္ကူ စက်မှုသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အဆိုပါ သင်တန်းကျောင်းကို ဇူလိုင် ၁၅ ရက်တွင် သင်တန်းသား ၂၀၀ ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း၊ ဧရာဝတီမြစ် အနောက်ဘက်ဒေသ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ မြစ်ခြေတစ်ဝိုက်မှ ဒေသခံလူငယ်လူရွယ်များ စက်မှုအတတ်ပညာများ တတ်ကျွမ်းလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးသည် စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (မြိုင်)သို့ ရောက်ရှိပြီး ထုတ်လုပ်လျက်ရှိသော CNC Machine များ၊ Radial Drilling Machine များနှင့် Bend Saw Machine များကို ကြည့်ရှုစစ်ဆေးကာ Workmanship နှင့် Performance ကောင်းမွန်အောင်ကြိုးစားရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂၄/၂၀၁၀) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂၄/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခမ်းအနား၌ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၉၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၄/၂၀၁၀) ဖွင့်ပွဲတွင် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

စီးပွားရေးတက္ကသိုလ် ၁၉၇၃-၇၄ ဘွဲ့ရကျောင်းသား ကျောင်းသူများ ပြန်လည်တွေ့ဆုံပွဲ ပြုလုပ်မည်

ရန်ကုန် ဇွန် ၂၁

စီးပွားရေးတက္ကသိုလ်မှ ၁၉၇၃-၇၄ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ ပြန်လည်တွေ့ဆုံပွဲကို ဇူလိုင်လအတွင်း ကျင်းပမည်ဖြစ်ရာ တွေ့ဆုံပွဲသို့ စုံညီစွာတက်ရောက်နိုင်ရေးအတွက် အကျိုးဆောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖြစ်ကြသော ဦးအောင်ငွေး ဖုန်း-၆၈၀၉၉၆၊ ဦးအောင်မြိုင် ဖုန်း-၀၉-၅၁၈၄၉၄၉၊ ဒေါက်တာ လေးကြည် ဖုန်း-၀၉-၅၅၀၆၉၁၉၊ ဦးချစ်ဦး ဖုန်း-၀၉-၅၀၇၇၄၂၀၊ ဦးစိန်ဝင်း ဖုန်း ၀၉-၅၁၃၆၀၉၅၊ ဦးအောင်သန်း ဖုန်း-၀၉-၅၁၃၆၅၀၀၊ ဒေါ်မေလေး ဖုန်း-၂၉၉၂၃၃၊ ဒေါ်ငွေးငွေးကြွယ် ဖုန်း-၅၅၆၁၉၉၊ ဒေါ်ခင်နွယ်ဖူး ဖုန်း-၂၀၂၈၉၃၊ ဒေါ်နွဲ့နွဲ့ဝင်း ဖုန်း-၅၄၇၃၁၇နှင့် ဒေါ်နွယ်နွယ်ကြည် ဖုန်း-၆၆၄၅၅၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သန်လျင်မြို့နယ် နတ်စင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပညာရေးမိသားစုက အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ၊ သင်ထောက်ကူကားချပ်များပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၄ရက်က ကျင်းပရာ ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်မာလာအောင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပပလွင်အား ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ထွေ/အုပ်မိသားစုများ ပညာသင်ထောက်ပံ့ကြေးပေး

ရေစကြို ဇွန် ၂၁

မကွေးတိုင်း ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၃၁ရက်နံနက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၄ဦး၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀တို့အတွက် ငွေကျပ် ၁၇၂၀၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၄၀ တန်ဖိုး ငွေကျပ် ၆၈၀၀၀ စုစုပေါင်း ငွေကျပ် ၂၄၀၀၀၀ ကို မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူ တစ်ဦးချင်းစီအား ပေးအပ်သည်။ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် သားသမီးများ တက်ရောက်ကြသည်။ (၃၇၄)

❖ **ရွှေ့ဖုံးမှ**

ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Souphakhet နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေး အပါအဝင် ကဏ္ဍစုံ၌ အကျိုးတူကိစ္စရပ်များကို မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော ကိစ္စများ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဆင္ဃအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဓကာဒသမ အစည်းအဝေးနှင့် ဆင္ဃအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇွန် ၂၁

ဆင္ဃအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဧကာဒသမ အစည်းအဝေးကို (၁၃၇၂ ခုနှစ် ဒုတိယဝါဆို လဆန်း ၄ ရက်နှင့် ၅ ရက်) ဇူလိုင် ၁၅၊ ၁၆ ရက် (ကြာသပတေးနှင့် သောကြာနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများသည် (၁၃၇၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်) ဇူလိုင် ၁၁ ရက် (တနင်္ဂနွေနေ့) တွင် လည်းကောင်း၊ ဆင္ဃအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို (၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက်) အရန်ရက် ၇ ရက် ဇူလိုင် ၁၇ ရက် အရန်ရက် ၁၈ ရက် (စနေ၊ တနင်္ဂနွေနေ့) များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် (၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက်) ဇူလိုင် ၁၆ ရက် (သောကြာနေ့) တွင် လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အထက်ပါ နေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းအသစ်အား ကျောက်ချောလမ်းအဆင့် ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်တစ်လျှောက် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းနှင့် မြေကြီးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၁/၀)မိုင်ရှိ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ အင်ဂျင်နီယာချုပ် ဦးမြင့်အောင်က တာဝန်ခွဲဝေပေးထားသည့် လမ်းအထူးအဖွဲ့ တစ်ဖွဲ့၊ ခရိုင်အဖွဲ့ တစ်ဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ကိုးဖွဲ့ စုစုပေါင်း ၁၁ ဖွဲ့ဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု၊ စက်ယာဉ်ယန္တရားများ ရောက်ရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အင်ဂျင်နီယာမှူးကြီး ဦးစိုင်းကျော်မိုးက ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် တာဝန်ယူဆောင်ရွက်ရသည့် လမ်းအပိုင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပြင်ဦးလွင်-မိုးကုတ်ကားလမ်းအသစ်အား လမ်းသားအကျယ် ၃၄ ပေ၊ ကျောက်ချောလမ်းအကျယ် ၁၂ ပေ၊ လမ်းပခုံးတစ်ဖက်လျှင် သုံးပေစီ ဆောင်ရွက်သွားရန်နှင့် ကျောက်ချောလမ်းအဆင့်အထိ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် လုပ်ငန်းများ ဖိဖိစီးစီး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် (၁၀/၆) နှင့် (၁၀/၇)အကြား၌ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့် ဖြေခြင်းနှင့် မြေကြီးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ပြင်ဦးလွင်ခရိုင်က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျိုက်ဖြူး - ရွှေချောင်း - ဖောင်းတော - အနီးစခန်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို အဝင်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြင်ဦးလွင်ခရိုင် အင်ဂျင်နီယာမှူး ဒေါ်အေးအေးမော်က ကျိုက်ဖြူး- ရွှေချောင်း- ဖောင်းတော-အနီးစခန်းလမ်း၏ ရွှေချောင်း-အနီးစခန်း အပိုင်း (၁၁/၀) မိုင်အား လမ်းသားအကျယ် ၃၄ ပေချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ ကျောက်ခင်းခြင်းလုပ်ငန်းနှင့် တံတားများ တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေး - လားရှိုးလမ်း မိုင်တိုင်အမှတ် (၂၇/၂)ရှိ ပြင်စာရွာမှ ကျိုက်ဖြူးအထိ ၁၇ မိုင် နှစ်ဖာလုံ၌ လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်အား ကျောက်ချောလမ်းအဆင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အောင်တော်မူ(စောမင်းနောင် စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၈။ "ဧရာဝတီရဲ့အား ကျွန်းကုန်းတံတား"
- ၈:၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ Local Talent
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၀ ၂။ အကပြိုင်ပွဲ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅:၀၀ ၇။ "ငါးရစ်မျိုးငါးတို့မစား"
- ၅:၁၅ ၈။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၅:၃၀ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅:၄၀ ၁၀။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၀ ၁၄။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တို့အတူရှိစဉ်တုန်းက" (အပိုင်း-၂၉)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၈:၂၀ ၁၇။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မက္ကဆီကိုအသင်းနှင့် ဥရုဂွေးအသင်း)
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ သွေး(အေဝမ်းစိုးမြင့်နှင့်အဖွဲ့) (တေးရေး-ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယပိုင်း)(အပိုင်း-၃)**
- ၂၁။ **"ရုပ်ရှင်ပဟေဠိ"**

၂၃-၆-၂၀၁၀

နံနက်ပိုင်း

- ၁:၀၀ ၂၂။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (နိုင်ဂျီးရီးယားအသင်းနှင့် တောင်ကိုရီးယားအသင်း)
- ၂၃။ အစီအစဉ်ပြီး၏။

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၃) ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၁

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးလှမြင့်ဦးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဗဟိုဝန်ထမ်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြဆရာ၊ ဆရာမများနှင့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်ကြသည့် ဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်း သင်တန်းသူ ၆၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁၃) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၃) ရပ်ကွက်၌ မြို့နယ်စည်ပင် ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်အဖွဲ့ဝင်များက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကျေးရွာပိုင် သစ်တောစိုက်ခင်းတည်ထောင်ရေး ပြည်မြို့၌ တာဝန်ပေးအပ်

ပြည် ဇွန် ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် သစ်တောဦးစီးဌာနက ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ၂၀၁၀ ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧကစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပုလဲသီတာခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်ညွန့်က ကျေးရွာအုပ်စုဥက္ကဋ္ဌများအား လုပ်ငန်းတာဝန် ပေးအပ်လွှာများ ပေးအပ်သည်။ (တိုင်းပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

တည်ခင်းဧည့်ခံ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Souphakhet နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ဂုဏ်ပြုညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာတို့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းအား ခရီးစဉ်မှတ်တမ်း အယ်လ်ဘမ်ကို ပေးအပ်သည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်း ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းနေ ကွယ်လွန်သူဖခင်ကြီး ဦးကျင်ဖွအား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်ကြည်အား အမှူးထားပြီး သမီးဒေါ်ခင်မာလာ(နက်ရေးကုမ္ပဏီ) Dunlo Pillo မွေ့ရာမှ မွေးနေ့အထိမ်းအမှတ်အဖြစ် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

အသစ်ဖွင့်လှစ်ခွင့်ရရှိသည့် ပုဂ္ဂလိကဘဏ်များ နေပြည်တော်၌ ဘဏ်ရုံးချုပ်များထားရှိကာ စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်၊ အကြွေးဝယ်ကတ် Smart Cart ဝန်ဆောင်မှုပေးနိုင်ရန်စီစဉ် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၃၃)ကို ယနေ့ ဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံ ပဲအိတ်စပို့ ယခင်နှစ်တန်ချိန် ခြောက်သိန်းပို့နိုင်သော်လည်း ယခုနှစ် တစ်သိန်းသာပို့နိုင်သေး၊ အမျိုးသားဒီမိုကရေစီအင်အားစု ပါတီမှတ်ပုံတင်ခွင့်ရရှိ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ချေးငွေထုတ်ချေးနိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဘဏ်ရှေ့နေနှင့် တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ ပို့ကုန်တင်ပို့ပြီး ခြောက်လကြာအထိ ပို့ကုန်တန်ဖိုးငွေများ ဝင်ရောက်မှုမရှိပါက ၎င်းကုမ္ပဏီများကို အရေးယူမည်၊ စက်မှုဇုန်များနှင့် စက်ရုံများသို့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရန်အတွက် ကုန်တင်ယာဉ်ကြီးများ လမ်းကြောင်းသတ်မှတ်၊ အနုပညာတစ်ခုကို ဖန်တီးခဲ့တယ်ဆိုတဲ့ မြန်မာမိန်းကလေးတစ်ဦး၊ ယောကျ်ားလေး မိန်းကလေးတို့ လူပျိုအပျို ဘယ်လိုသိ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသများ၌ မိုးကြီးရေလျှံမှုဖြစ်ပွား၊ UNHCR ရုံးမှ စပိဘုတ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များက ကားတစ်စီးလျှင် ဆီ ၁၂ ဂါလန်သာ ဝယ်ယူခွင့်ပြုထားသည်ဟူသော သတင်းမှာ မဟုတ်မှန်၊ မလေးရှားနိုင်ငံတွင် ဆိုင်ကယ်အစီးကောင်း၍ မြန်မာနှစ်ဦးသေဆုံး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်စီးပွားရေးလုပ်ငန်းရှင်များအတွက် Online Video Conference လုပ်ရန် နေရာဖွင့်လှစ်၊ သယ်နိုးကျွန်းယာယီဈေး ဇွန် ၁၇ ရက်တွင် စတင်ဖွင့်လှစ်၊ ထူးပုဂ္ဂလိက စက်သုံးဆီဆိုင် ၂၄ နာရီ အချိန်ပြည့်ဖွင့်လှစ်ရန်စီစဉ်၊ မြန်မာအားကစားသမားများ အသက်အာမခံထားရှိရန် ဝန်လေးနေ၊ ကမ်းနားလမ်းတိုးချဲ့ပြုပြင်ရန် အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည်၊ အနာဂတ်စစ်ပွဲများ သဲကန္တာရတွင် မဖြစ်နိုင်၊ တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် အမေရိကန်လေယာဉ်တင် သင်္ဘောကြီးတစ်စင်း ပေးပို့ရန်ရှိ၊ ဥရောပတစ်ခွင် အီရန်ဒုံးကျည်မိုးရွာချနိုင်စွမ်းရှိကြောင်း ရောဘတ်ဂိတ်သတိပေး၊ ချွန်နန်သင်္ဘောနစ်မြုပ်စဉ် တောင်ကိုရီးယားထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦး အရက်မူး၍ အိပ်ပျော်နေခဲ့ကြောင်း သတင်းများပေါ်ထွက် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

ပညာဘဏ်တိုက် စာကြည့်တိုက်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ "အမြင်ဉာဏ်ရှင်းကြပါစေ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၄)**
- ၈:၃၀ Activities In The City (အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ)
- ၈:၅၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၉:၀၅ ဝင့်ကြွားအားမာန် "ကတိုက်"တမံ
- ၉:၁၀ ငှက်ဖျားတိုက်ဖျက်ရေး အကြောင်းသိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
- ၉:၄၀ Cartoon Show Time (Barbie in Mermaid Tale)
- ၁၀:၂၀ အထက(၃)ကြည့်မြင်တိုင်၏ မြတ်ဆရာပူဇော်ပွဲ
- ၁၀:၄၀ ပွင့်ဖြူ၏ လက်ဆောင်
- ၁၀:၄၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် [သုခစံအိမ်(မလိခအိမ်ရာ)]
- ၁၁:၁၅ မျက်ရည်စက်များကင်းစေချင် (အကယ်ဒမီနေအောင်၊ အကယ်ဒမီချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ) [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁၁:၅၅ Diploma Guide (အနုပညာကွန်ပျူတာဒီပလိုမာ သင်တန်း)
- ၁၂:၂၀ Say It In English
- ၁၂:၃၅ ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ
- ၁၂:၄၀ ဧဒင်၏ရေကုထုံး
- ၁:၀၀ "အမြင်ဉာဏ်ရှင်းကြပါစေ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Romance Couple-1)
- ၃:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၄)**
- ၄:၀၅ မိုးအလှပန်းချီတေးကိုသီ
- ၄:၂၀ ဝင့်ကြွားအားမာန် "ကတိုက်"တမံ
- ၄:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Imperial Merit Education Centre ၏ Summer Package Programme သင်တန်းဆင်းပွဲ)
- ၄:၄၅ သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့"
- ၄:၅၅ Activities In The City (အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ)
- ၅:၁၅ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၅:၃၀ Celebrity Style (ယုဇန)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Cartoon Show Time (Barbie in Mermaid Tale)
- ၆:၅၅ Fashion Music Festival (Romance Couple-1)
- ၇:၃၅ Diploma Guide (အနုပညာကွန်ပျူတာဒီပလိုမာ သင်တန်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World Of Knowledge (SEOUL; Unlocking the Grid)
- ၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Imperial Merit Education Centre ၏ Summer Package Programme သင်တန်းဆင်းပွဲ)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၄)**
- ၁၀:၀၀ Sunday Talk
- ၁၀:၅၅ Celebrity Style (ယုဇန)
- ၁၁:၂၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) (ပါမောက္ခဒေါက်တာချယ်ရီ၊ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
- ၁၁:၄၀ Sports World
- ၁၂:၀၅ လက်ဖက်စိုက်တဲ့ရွာကလေး
- ၁၂:၁၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံ

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် တိုးမြှင့်ခိုင်မာရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင်ငွေ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွှန့်လှိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် တိုးမြှင့်ခိုင်မာရေး၊ အိမ်နီးချင်းကောင်းပီသသော ဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းတိုးမြှင့်ရေး၊ အဆင့်မြင့်ကိုယ်စားလှယ်များ အပြန်အလှန်ပုံမှန် သွားလာလည်ပတ်ရေး၊

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်သောအဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးသဘောတူညီချက်များကို နှစ်ဖက်အပြန်အလှန် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်းနှင့် နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေး၊ နှစ်နိုင်ငံပြည်တွင်းဖြစ်ပေါ် တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

အကျဉ်းဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အလေးထားဆောင်ရွက်ရေး၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ အဖျက်အမှောင့်သမားများအား စုံစမ်းဖော်ထုတ်ရေး၊ ပြည်သူက ယုံကြည်ကိုးစားသော ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဌာနအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းကူညီဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေနုတ်မြောင်းတူးဖော်

ရွှေတောင်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့မဈေးပတ်လမ်း ရေနုတ်မြောင်းတူးဖော်ခြင်းကို အဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်ရှိန် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လှိုင်ကော်ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းပို့ချ

နေပြည်တော် ဇွန် ၂၁

လှိုင်ကော်ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ လှိုင်ကော်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့်ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းသိန်းလွင်က မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်း လမ်းညွှန်ကိုလည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးစိုင်းမြသောင်းက လွှတ်တော် (၃)ရပ် ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းပို့ချကြသည်။

ထို့နောက် သင်တန်းတက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ သင်တန်းသို့ ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၂၉၄ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ ကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်နိုင်သည်။ ရေအနက် မလုံလောက်သည့် ရေမွှာပေါက်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် အပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင် နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင် ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များ အနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တွဲတစ်တွဲချင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေတို့ ရခိုင်ပြည်နယ် ဘူးသီးတောင်ဆိပ်ကမ်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဦးသိန်းဆွေနှင့် ဝန်ကြီး ဦးမောင်မောင်ဆွေ ဘူးသီးတောင်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေတို့သည် ဇွန် ၁၉ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင် ဆိပ်ကမ်းသို့ရောက်ရှိပြီး ဘူးသီးတောင်မှ စစ်တွေမြို့သို့ ထွက်ခွာမည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဧညဝတီ-၃ ရေယာဉ်ပေါ်သို့ ခရီးသည်များ လိုက်ပါစီးနင်းမှု၊ ကုန်များတင်ဆောင်ထားရှိမှု၊ လက်မှတ်ရုံ၌ လက်မှတ်များ စနစ်တကျရောင်းချနေမှု၊ ဆိပ်ကမ်းတံတားများ ကြံ့ခိုင်မှု၊ ဆိပ်ကမ်းဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ဘူးသီးတောင်အဝင် ရေလမ်းကြောင်းနှင့် ကုလားတန်မြစ်ရေလမ်းကြောင်းတို့၌ ရေယာဉ်များ ပြေးဆွဲခုတ်မောင်းနေမှု၊ ရသေ့တောင်မြို့အဝင် ရေလမ်းကြောင်းနှင့် စစ်တွေမြို့အဝင် ဆတ်ရိုးကျချောင်း ရေလမ်းကြောင်း အခြေအနေများ၊ ဆိပ်ကမ်း၌ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှု စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီး ဦးသိန်းဆွေက ရေယာဉ်များ ဝင်ချိန်/ထွက်ချိန်မှန်ကန်ရေး၊ ခရီးသည်နှင့် ကုန်ပစ္စည်းများ လုံခြုံမှုအစဉ်သတိပြု ဆောင်ရွက်ရေး၊ မလိုလားအပ်ဘဲ ကြန့်ကြာမှုမရှိစေရန် ဝန်ထမ်းများအားလုံး ဂရုပြုဆောင်ရွက်ရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် စေတနာထား ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ စာရင်းကိုင်များအသင်းက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများနှင့် အလုပ်ချိန်မအားလပ်သဖြင့် ပညာသင်ယူရန် အခက်တွေ့နေသူများအတွက် တနင်္ဂနွေတစ်ရက်တည်းတက်ရသော အခမဲ့ စာရင်းကိုင်သင်တန်းကို ဇူလိုင် ၄ရက် (တနင်္ဂနွေနေ့)မှစတင်၍ တန်းခွဲနှစ်ခုဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း အမှတ် (၉၁/၉၃) ၄၉လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၅၀၁၉၉၇၉၊ ၀၉-၅၁၇၈၁၈၂ နှင့် ၀၉-၅၄၁၀၉၀၉ တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပန်းခြံအတွင်း သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

Google Earth with GIS သင်တန်းများ ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇွန် ၂၁

ယနေ့ နည်းပညာခေတ်တွင် Google Earth ကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနေကြသည်။ နည်းပညာနှင့် ဆက်စပ်လုပ်ကိုင်နေကြသော အဖွဲ့အစည်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ မြေအောက်သယံဇာတရှာဖွေ တူးဖော်မှုလုပ်ငန်းများ၊ ပထဝီသတင်းအချက်အလက်များ အပေါ် အခြေပြုပြီး လုပ်ကိုင်ကြရသောလုပ်ငန်းများသည် Google Earth နှင့် တွဲဖက်၍ GIS (Geographic Information System) ကို လက်တွေ့အသုံးချနိုင်ပါက လုပ်ငန်းပိုင်းဆိုင်ရာများတွင် များစွာ အကျိုးရှိလာမည်ဖြစ်သည်။

သင်ကြားပို့ချ

Google Earth သည် မြေပြင်အခြေအနေများကို ကောင်းကင်ဂြိုဟ်တု ဓာတ်ပုံများဖြင့် ရုပ်ကြွပုံဖော်ပေးထားသည်။ Operator တစ်ဦးသည် Google Earth ကို ပထဝီသတင်းအချက်အလက်စနစ် (GIS)နှင့် ပေါင်းစပ်ပြီး အသုံးပြုနိုင်ပါက မိမိတို့လုပ်ငန်းအတွက် များစွာ အကျိုးရှိသော အချက်အလက်များကို ရရှိနိုင်သည်။ ယခုဖွင့်လှစ်မည့်သင်တန်းတွင် Google Earth ကို လုပ်ငန်းအတွက် အသုံးပြုပုံ၊ GIS ၏ သဘောတရားနှင့် မိတ်ဆက်၊ GIS ကို Google Earth နှင့် ချိတ်ဆက်အသုံးပြုပုံ၊ ရရှိနိုင်မည့် သတင်းအချက်အလက်များနှင့် ပြန်လည်အသုံးချနိုင်မှုများ၊ တွဲဖက်အသုံးပြုရမည့် GIS Application Software များ အကြောင်းတို့ကို စာတွေ့လက်တွေ့စုံလင်စွာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ဖွင့်လှစ်

ဆက်လက်၍လည်း GIS နှင့် Remote Sensing နည်းပညာရပ်များနှင့် စပ်လျဉ်းပြီး Intermediate နှင့် Advanced Level သင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန်အတွက် Ocean Gate Training Centre အမှတ်(၃၅၅) အခန်း (၂၀၆) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၁၃၀သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၂၁

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော ပါတီများက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် ဇွန် ၂၁ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၂) ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၆)ပါတီ အနက် ပါတီ (၃၃) ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၂၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉) လမ်းထောင့် Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာနိုင်ငံမှ ကမ္ဘာ့အရပ်အပုဆုံးလူသား ဖြစ်လာနိုင်ဖွယ်ရှိသည့် ကလေးငယ် ရန်ကုန်မြို့သို့ရောက်ရှိနေ၊ လွန်ခဲ့သော ၂၄ နှစ်က ပျက်ကျခဲ့သည့် ချဲလင်ဂျာလွန်းပြန်ယာဉ် စာသားပါ သတ္တုပိုင်းကို လောင်းလုံမြို့နယ်ရှိ ခြံဝင်းတစ်ခုအတွင်း၌တွေ့ရှိ၊ မြန်မာအင်ဖိုတက်ခ်အတွင်း ဆေးလိပ်တို ပေါ့ဆမီးကြောင့် ပထမဆုံးအကြိမ်မီးလောင်မှုဖြစ်ပွား၊ ဝါးကိုကြာရှည်ခံအောင် အသုံးပြုနိုင်သည့်စနစ်တွေ့ရှိ၊ ပုဂ္ဂလိကဘဏ်အချို့ အင်တာနက်ဘဏ်စနစ်အသုံးပြုရန်ရှိ၊ ဓာတ်ပြားသီချင်းများ သီဆိုယှဉ်ပြိုင်ရမည့် ရွှေဓာတ်ပြားရှင်ပြိုင်ပွဲကျင်းပမည်၊ နိုင်ငံခြားငွေနှင့် FEC ရရှိမှုများအပေါ် ကန့်သတ်ချက်များ လျှော့ပေါ့သတ်မှတ်၊ Air Asia က ရန်ကုန်-ကွာလာလမ်ပူခရီးစဉ်များကို ရွှေ့လမှစ၍ နေ့စဉ်တိုက်ရိုက်ပျံသန်းမည်၊ ရန်ကုန်မြို့တွင် ကွန်တိန်နာနှင့် ကုန်တင်ယာဉ်ကြီးစီးရေ ၁၀၀၀ ရပ်နားနိုင်မည့် စခန်းကြီးတည်ဆောက်နေ၊ အချို့ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ ၂၄ နာရီဖွင့်ရန် စီစဉ်နေ၊ ပခုက္ကူမြို့နယ်မှ ခြေထောက်သုံးချောင်းနှင့် မိန်းကလေး၏ ခြေထောက်အပိုကို ခွဲစိတ်ဖယ်ရှားလို၊ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ မုန်တိုင်းဒဏ်ခံ ဗြိတိသျှနိုင်ငံသားလေးဦးကို ကယ်တင်ခဲ့သည့် မြန်မာသင်္ဘောကပ္ပတိန်နှင့်အဖွဲ့အား ဂုဏ်ပြုမည်၊ ဗီယက်နမ်နှင့် မလေးရှားတို့က ရန်ကုန်မြို့ရှိ အိမ်ခြံမြေဈေးကွက်ကို စိတ်ဝင်စား၊ ကျပ်ငါးသိန်းတန်ဖုန်းများကို ၂၄ နာရီအတွင်းဝယ်ယူရရှိနိုင်ပြီ၊ အိုစမာဘင်လာဒင်၏မြေးကို အဲလီစဘတ်ဘုရင်မကြီးအား အစွဲပြု၍ အမည်မှည့်ခေါ်ရန် သားဖြစ်သူကစီစဉ်ထား၊ ကာဂျစ်စတန်နိုင်ငံ လူမျိုးရေးအဓိကရုဏ်း၏နောက်ဆုံးအခြေအနေ၊ တိရစ္ဆာန်ရုံရှိကျားလှောင်အိမ်ထဲကို သားအဖနှစ်ဦးဝင်ရောက်မိရာ ဖခင်သေဆုံး၊ တရုတ်နိုင်ငံတွင်မြေပြို၍ အိမ်အလုံး၂၀ကျုံ့ကျသွား၊ နှစ် ၁၀၀ အတွင်း လူသားတို့ မျိုးသုဉ်းသွားလိမ့်မည်ဟုဆို၊ လေယာဉ်စီးစဉ် ရင်သားအတုများ ထိခိုက်ခဲ့ရသဖြင့် လေကြောင်းလိုင်းကိုတရားစွဲ၊ မုန်တိုင်းကြောင့် အိမ်တစ်လုံးလုံး ပေ ၅၀အထိ လွင့်ပါသွား၊ ကမ္ဘာ့ဖလားဘောလုံးသမားတို့၏ဇနီးနှင့် ချစ်သူများပါဝင်သော လက်ရွေးစင်အသင်း၊ စိတ်အနှောင့်အယှက်အပေးနိုင်ဆုံးအသံများတွင် ဗူဗူဇီလာအသံက ထိပ်ဆုံးဖြစ်၊ ကမ္ဘာ့ပထမဆုံးဦးနှောက်တစ်ခုတည်းသာ ပါရှိသည့် ခေါင်းချင်းဆက်အမြွှာညီအစ်မ၊ ဆွီဒင်တော်ဝင်မင်းသမီးက သာမန်သင်တန်းမှူးတစ်ဦးနှင့် လက်ထပ်၊ အင်ဒိုအဘွားအို အသက် ၁၅၇နှစ်ရှိဟုဆို---စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ နှိုးဆော်ချက်

နေပြည်တော် ဇွန် ၂၁

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။ ။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန်လ ၁၈ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း(၆၃)နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံ(၁၆) နိုင်ငံ၌ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **လူသို့ကူးစက်ဖြစ်ပွားမှု။ ။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန်လ ၈ ရက်အထိ နိုင်ငံ(၁၅)နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ ကူးစက်မှု(၄၉၉)ဦးရှိပြီး (၂၉၅)ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းမှု ။ ။** မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင်လည်းကောင်း၊ မတ်လတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်တွင်လည်းကောင်း ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားခဲ့ရာ ရောဂါထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ဆောင်ရွက်ခဲ့သဖြင့် အခြားဒေသများသို့ကူးစက်မှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့သည်။ **အဆိုပါဖြစ်ပွားမှုနောက်တွင် ယနေ့အထိ မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံကျရောက်ဖြစ်ပွားမှုမရှိခဲ့ပါ။** ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်မှုနှင့် ထပ်မံဖြစ်ပွားမှုမရှိသော အခြေအနေများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့သို့ အကြောင်းကြားပြီးဖြစ်သည်။

၃။ **ရောဂါကြိုတင်ကာကွယ်ရေး။ ။** သို့ရာတွင် နိုင်ငံအချို့၌ ရောဂါကျရောက်ဖြစ်ပွားမှုရှိနေသဖြင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်များ မသင်္ကာဖွယ်ရာ သေဆုံးမှုရှိပါက နီးစပ်ရာဒေသ အာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(ဃ) ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း စစ်တွေ-ပုဏ္ဏားကျွန်း - ယိုးတရုတ် ရထားလမ်းပိုင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရထားလမ်းပိုင်းအချို့ ပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်နေမှု ဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေ - ပုဏ္ဏားကျွန်း - ယိုးတရုတ် ရထားလမ်းပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရထားလမ်းပိုင်းနေရာအချို့တွင် မြေသားပဲ့ကျ ဖုံးလွှမ်းမှု၊ တာပေါင်ရေတိုက်စားမှုတို့ကို ကြည့်ရှုစစ်ဆေးရန် ကွမ်းတောင်ဘူတာမှ ထွက်ခွာလာရာ ကွမ်းတောင်ဘူတာနှင့် ပုဏ္ဏားကျွန်းဘူတာအကြားရှိ ကင်းချောင်း ချောင်းဖြတ် တာပေါင်ကြံ့ခိုင်မှုကိုကြည့်ရှုစစ်ဆေးပြီး တာပေါင်များ မပျက်စီးရေး၊ ကြံ့ခိုင်မှုရှိစေရေးတို့အတွက် အားဖြည့်တုတ်ရိုက်ခြင်းများ ဆောင်ရွက်ရန်၊ တာပေါင်များအနီး ရေမဝပ်စေရေး၊ ရေထုတ်ရေစီးစနစ် ဆောင်ရွက်ရန်နှင့် တာပေါင်တစ်လျှောက် မြေသားစွဲမြဲစေမည့် အမြစ်တွယ်ကုပ်အားကောင်းသည့် မြက်/ အပင်များ စိုက်ကပ်သွားရန်တို့ကို မှာကြားသည်။

ထို့နောက် ပုဏ္ဏားကျွန်းဘူတာသို့ ရောက်ရှိပြီး RBE အထူးရထားဖြင့် ဆက်လက်ကြည့်ရှုစစ်ဆေးရာ ပုဏ္ဏားကျွန်းဘူတာနှင့် ယိုးတရုတ်ဘူတာအကြားရှိ မိုင်တိုင်အမှတ် (၆/၂)တွင် ရေတိုက်စားမှုကြောင့် ယိုယွင်းသွားသော သံလမ်းဇလီဖားများ၌ ကျောက်ဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဆမ္မတီကျေးရွာအနီး ချောင်းဖြတ်ရထားလမ်းရှိ မိုင်တိုင်အမှတ် (၇/၅)တွင် ရေစီးကြောင်းနှင့် ထူးပေါက်များကို ပိတ်ဆို့၍ သဲအိတ်ချရန် မှာကြားသည်။

ဆက်လက်၍ ကျောက်ဆိပ်တောင်ရွာအနီး မိုင်တိုင်အမှတ် (၉/၀)တွင် ကျောက်ဆိပ်တောင်ကမ်းပါးမှ မြေသားပြိုကျပြီး ရထားလမ်းပိတ်ဆို့နေမှုအား မြန်မာ့မီးရထားဝန်ထမ်းများနှင့် သံလမ်းလုပ်သားများက ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ သရက်ချိုရွာအနီးရှိ မိုင်တိုင်အမှတ် (၁၄/၀)တွင် သရက်ချိုတောင် မြေသားပဲ့ကျ လမ်းပိုင်းပိတ်ဆို့နေမှုအား စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကိုလည်းကောင်း၊ အောင်ဖြူပြင်ဘူတာနှင့် ပုဏ္ဏားကျွန်းဘူတာအကြားရှိ မိုင်တိုင်အမှတ် (၁၄/၁)နှင့် (၁၄/၂)အကြားတွင် မြေသားပဲ့ကျပိတ်ဆို့နေမှုအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အောင်ဖြူပြင်ဘူတာနှင့် ယိုးတရုတ်ဘူတာအကြား၌ ကျောက်တောင်မှ ကျောက်များ ပဲ့ကျပိတ်ဆို့နေမှုကို သံလမ်းလုပ်သားများနှင့် မီးရထားဝန်ထမ်းများက ရှင်းလင်းဖယ်ရှားနေမှု၊ ပန်းနီလာရွာအနီး မိုင်တိုင်အမှတ် (၁၆/၁)၌ သံလမ်းနှင့် ဇလီဖားအကြား ကျောက်များ ပြန်လည်ဖြည့်နေမှု၊ ကြံခင်းရွာအနီး မိုင်တိုင်အမှတ် (၁၈/၁)နှင့် (၁၈/၂)အကြား လမ်းပိုင်း၌ မြေသားပြိုကျမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယိုးတရုတ်ဘူတာသို့ရောက်ရှိပြီး ဘူတာယာဒ်ဝင်း သန့်ရှင်းသာယာလှပရေး၊ အရိပ်ရ လေကာပင်များ စိုက်ပျိုးရေး၊ ပြည်သူလူထု လုံခြုံစိတ်ချရစွာ အန္တရာယ်မရှိ ခရီးသွားလာစီးနင်းနိုင်ရေးနှင့် ရထားလမ်းပိုင်း အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ပြေးဆွဲလျက်ရှိပြီဖြစ်သော ပြည်တော်သာ - ရေချမ်းပြင် ရထားလမ်းပိုင်း၌ ခရီးသည်များ စီးနင်းလိုက်ပါနေမှုနှင့် လမ်းပိုင်းကြံ့ခိုင်မှုတို့ကို စစ်ဆေးရန်အတွက် ပြည်တော်သာ ဘူတာမှ RBE ခရီးသည်ရထားဖြင့် ထွက်ခွာ၍ စစ်တွေဘူတာနှင့် စစ်တွေတက္ကသိုလ်ဘူတာအကြား မိုင်တိုင်အမှတ် (၄/၁၅)နှင့် (၄/၁၈)တွင် ရထားလမ်းတာပေါင်များ၌ ရေစီးကြောင်းနှင့် ထူးပေါက်နေရာများ ဖြစ်ပေါ်နေမှုကို သဲအိတ်ချပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဒါးပိုင်ရပ်စခန်းဘူတာအနီး မိုင်တိုင်အမှတ် (၅/၀)နှင့် (၇/၀)အကြားတွင် စက်ယန္တရားများဖြင့် ရထားလမ်းတာပေါင် မပျက်စီးစေရေး ကာကွယ်ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ရခိုင်ပြည်နယ်အတွင်း ဇွန် ၁၃ ရက်မှ ၁၅ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်တွေ- ပုဏ္ဏားကျွန်း - ယိုးတရုတ် ရထားလမ်းပိုင်း နေရာအချို့ တာပေါင်ရေတိုက်စားမှု၊ မြေသားဖုံးလွှမ်းမှုကြောင့် ရထားပြေးဆွဲမှု ခေတ္တရပ်ဆိုင်းခဲ့ရပြီး လမ်းပိုင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ် ရထားပြေးဆွဲနိုင်ရေးနှင့် ပြည်သူလူထု လုံခြုံစိတ်ချရစွာ အန္တရာယ်မရှိ စီးနင်းသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားက အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၁

၂၀၁၀ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများ စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဒေါ်ချို့နွယ်ဌေးဝင်း (ရှင်းသန့်ချို)၏ " မူးယစ်သည့်ဆေး အန္တရာယ်ပေး ယှဉ်တွေးချိန်ဆ ရှောင်ကြဉ်ကြ" ဝတ္ထုတိုက ပထမ၊ ဦးကံမြင့် (ကံမြင့်မော်)၏ " အပိုဒုက္ခ မရှာသူပင် ဘဝရဲ့အရှင်သခင်" ဝတ္ထုတိုက ဒုတိယ၊ ဗိုလ်တင်ဇာမော် (မြခြူးအိမ်)၏ " ရင်ကိုခွင်းသော မြားတစ်စင်း" ဝတ္ထုတိုက တတိယ ရရှိကြပြီး အထူးဆုများအဖြစ် ဦးသိုက်ထွန်း (ဂမုန်းပွင့်-မကွေး)၏ "မြူမှောင်ကင်း၍ လမင်းသာ"၊ ဦးခင်လှ (သိုးကလေး-မအူပင်)၏ " ရေနောက်မှာပေါက်တဲ့ကြာ"နှင့် ဒေါ်ခင်အုန်းမြင့်(နန္ဒာခင်-သက္ကလမြေ)၏ " အပြာရောင်မျက်ရည်စက်များ၏ နိဂုံး"တို့က ရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် မောင်ထွန်းထွန်းဝင်း (ခွန်ထီးငယ်-သမိုင်း)၏ " စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်" ဆောင်းပါးက ပထမ၊ မနုထက်ထက်လွင်၏ " မူးယစ်သည့်ဆေး အန္တရာယ်ပေး မူးယစ်ဆန့်ကျင် စိတ်လန်းရွှင် ပန်းတိုင်ချီတက် အောင်ပွဲဆက်" ဆောင်းပါးက ဒုတိယ၊ ဦးရဲညွန့် (ရဲရဲထွန်း-ဟသ်ာတ)၏ "မူးယစ်ကင်းစင် အလှဆင်၊ ပျော်ရွှင်လျှောက်လှမ်း ဘဝလမ်း" ဆောင်းပါးက တတိယရရှိကြပြီး အထူးဆုများအဖြစ် ဦးသန်းလွင် (သိန်းဇော်-ရွှေလီဦး)၏ " သမိုင်းနှင့်ယှဉ် ဉာဏ်မြော်မြင်၍ ဆင်ခြင်သတိ အမျိုးသားရေးအသိဖြင့် ကာကွယ်တိုက်ဖျက်ရမည့် မူးယစ်ဆေးဝါး အန္တရာယ်"၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၏ " အားကစားကိုမြှင့် ကမ္ဘာတင့် နှိုင်းချင့်ရှောင်ပေး မူးယစ်ဆေး"နှင့် မောင်မောင်ဝင့်ဝါ၏ " အမျိုးသားရေး တာဝန်မို့ တားဆီးကာကွယ်တိုက်ဖျက်စို့" တို့က ရရှိကြသည်။

ကဗျာပြိုင်ပွဲတွင် ဦးမိုးအောင် (မောင်မောင်မိုးအောင်)၏ "နောင်တစ်ခေတ်၏ ခေါင်းဆောင် အနာဂတ် လှပအောင်" ကဗျာက ပထမ၊ ဦးပဏ္ဍိတာနန္ဒ (မြတ်ဘုန်း-တပ်ကုန်း)၏ "ပန်းတိုင်းပွင့်ဝေ မွှေးကြိုင်စေ မူးယစ်ကင်းသည့် မြန်မာ့မြေ" ကဗျာက ဒုတိယ၊ မြေလတ်မင်းလွင်၏ " မူးယစ်ကင်းစင် ကမ္ဘာတစ်ခွင်" ကဗျာက တတိယရရှိကြပြီး အထူးဆုများအဖြစ် ဦးဝေယံထွန်း (သူရ-မကွေး)၏ " စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်"၊ ဦးသိန်းမြင့် (မောင်သီတာ-အသုတ်)၏ " စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်" နှင့် မောင်ရန်နိုင်စိုးညွန့် (သုတမောင်)၏ "ပြည်ရွာ ဤကမ္ဘာချစ်ပါက မူးယစ်ဆေးကို တိုက်ဖျက်ကြ" တို့က ရရှိကြသည်။

တေးသီချင်းပြိုင်ပွဲတွင် ဒေါ်မေသန့်ရွှေ (ငယ်သန့်-သုခမ)၏ "သွေးချင်းတို့ရဲ့ အဓိဋ္ဌာန်" တေးသီချင်းက ပထမ၊ ဝေလင်း (သုခမ)၏ "မူးယစ်ကင်းစင် တို့ကျောင်းတစ်ခွင်" တေးသီချင်းက ဒုတိယ၊ ဉမ္မာမြတ်၏ "သိမှတ်ဆင်ခြင်အမှန်မြင်" တေးသီချင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မိုးမိုးအောင်၏ " မူးယစ်ကိုပစ် ဘဝသစ်"၊ ဒေါ်ခင်မိုးထွေး (မိုးသူ-သုခမ)၏ " ငရဲပန်းတစ္ဆေ ပပျောက်ရေးသို့"နှင့် ဦးရွှေဝင်း (မောင်နေမွန်)၏ "မူးယစ်သည့်ဆေး အန္တရာယ်ပေး ယှဉ်တွေးချိန်ဆရှောင်ကြဉ်ကြ"တို့က ရရှိကြသည်။

မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မောင်ကောင်းဇော်ဟိန်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ပထမ၊ မခင်သဇင်ညွန့် အလက (၁) ဒဂုံက ဒုတိယ၊ မအိန္ဒြာဂျယ်လင်း အထက (၂) လသာက တတိယရရှိကြပြီး အထူးဆုများအဖြစ် မနော်ခရစ္စတင်း အထက(၂) လသာ၊ မခင်ရတနာတင့် အမက (၃၀) လှိုင်နှင့် မဟာန်နီစိုး အမက (၆) ကျောက်တံတားတို့က ရရှိကြသည်။

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းက ပထမ၊ မနေဇင်နှင်းထက် အထက(၁) ဒဂုံက ဒုတိယ၊ မသင်းနဒီစိုး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဉာဏ်လင်းထက်နိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ မနှင်းပွင့်ပွင့်ဖြူ အထက(၂) လသာနှင့် မမြယမုန် အထက (၂) လသာတို့က ရရှိကြသည်။

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မပွင့်မြတ်သူ အထက(၂) လသာက ပထမ၊ မောင်ဇေမြတ်ဦး အထက (၂) သဃ်န်းကျွန်းက ဒုတိယ၊ မောင်အောင်ပိုင်စိုး အထက(၃) ပဲခူးက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ရဲစိုး အထက(၄) တောင်ကြီး၊ မောင်ကျော်ဝင်းသူ အထက ပန်းတောင်းနှင့် မအိန္ဒြေစိန်ရတု အထက(၂) ဒဂုံတို့က ရရှိကြသည်။

မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မသီရိအောင် အမက အလယ်ရပ် မိုးကောင်းက ပထမ၊ မောင်အောင်ပြည့် ဒေါ်တမမူလွန် (လှိုင်ကော်)က ဒုတိယ၊ မောင်အောင်ကိုကို အမက (၁၇) တောင်ဥက္ကလာပက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်နေအောင်လင်း အမက (၁၇) တောင်ဥက္ကလာ၊ မပြည့်ဖြိုးဗိုလ် အထက (၁)ပဲခူးနှင့် မောင်ဟိန်းခန့်စည်သူ အမက (၂၄) ပုသိမ်တို့က ရရှိကြသည်။

အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းက ပထမ၊ မောင်သူရပိုင်စိုး အထက (၆) ပုသိမ်က ဒုတိယ၊ မသဲနေနွယ်စိုး အထက(၂) လသာက တတိယရရှိကြပြီး အထူးဆုများအဖြစ် မအေးမြတ်သိင်္ဂီ အပြည်ပြည်ဆိုင်ရာကျောင်း၊ မအေးမြတ်နိုးနွယ် အထက (၄) တောင်ကြီးနှင့် မဇွန်ပြည့်ဖြိုး အထက (၂) မုံရွာတို့က ရရှိကြသည်။

အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မနှင်းနွယ်နွယ်အောင် အထက ကျောက်တန်းက ပထမ၊ မောင်အောင်သန်းဌေး ပန်းချီပန်းပုကျောင်း မန္တလေးက ဒုတိယ၊ မရွှေအိမ်စည် အထက (၂) လှိုင်သာယာက တတိယရရှိကြပြီး အထူးဆုများအဖြစ် မဝေရည်ကျော် အထက(၁) ရေစကြို၊ မောင်ကောင်းထက်ကျော် အထက (၅) တာမွေနှင့် မောင်စိုးသိုက်အောင် အထက(၁) တောင်ငူတို့က ရရှိကြသည်။

မူလတန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မခင်သဇင်ညွန့် အလက (၁) ဒဂုံက ပထမ၊ မောင်ကောင်းဇော်ဟိန်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ဒုတိယ၊ မသက်ထားဆွေဇင် အမက (၁၈) တာမွေက တတိယရရှိကြပြီး အထူးဆုများအဖြစ် မနော်ခရစ္စတင်း အထက(၂) လသာ၊ မောင်မျိုးဟိန်းကျော် အထက(၃) ပဲခူးနှင့် မောင်ရဲထွဋ်ကျော် အမက (၁) လှိုင်တို့က ရရှိကြသည်။

အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မနေဇင်နှင်းထက် အထက(၁) ဒဂုံက ပထမ၊ မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ဒုတိယ၊ မသင်းနဒီစိုး ရန်ကင်းပညာရေး ကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မတွယ်တာလမင်းအောင် အထက (၂) ဒဂုံ၊ မောင်ဉာဏ်လင်းထက်နိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းနှင့် မအေးချမ်းမေ အထက(၁) မိုးကောင်းတို့က ရရှိကြသည်။

အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မသီရိနန္ဒာရွှေဝါဘုန်း အထက(၁၇) မန္တလေးက ပထမ၊ မပွင့်မြတ်သူ အထက(၂) လသာက ဒုတိယ၊ မနှင်းနွယ်နွယ်အောင် အထက(၂) ကျောက်တန်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းထက်ကျော် အထက (၅) တာမွေ၊ မအိပွင့်ဖြူ အထက(၂) လသာနှင့် မရွှေအိမ်စည် အထက(၂) လှိုင်သာယာတို့က ရရှိကြသည်။

အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မောင်သီဟသွေး အထက(၆) ဗိုလ်တထောင်က ပထမ၊ မနန်းခမ်းမိန် အထက(၁) ပန်းဘဲတန်းက ဒုတိယ၊ မောင်စည်သူသန်းဝင်း အလက(၄) မကွေးက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်မင်းထက်ရှိန် အထက(၁) လမ်းမတော်၊ မောင်ကျော်စိုးဟန် အထက(၃) ပဲခူးနှင့် မခင်ထက်ထက်ကျော် အထက(၂) စစ်တွေတို့က ရရှိကြသည်။

အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မမေဇင်အောင် အထက(၁)လမ်းမတော်က ပထမ၊ မဝင်းသန့်သန့် အထက(၂) ဗဟန်းက ဒုတိယ၊ မဟံသာသာ အထက(၁) ပန်းဘဲတန်းက တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သူရပိုင်စိုး အထက(၆) ပုသိမ်၊ မောင်အောင်ပိုင်စိုး အထက(၃) ပဲခူးနှင့် မနေကြည်သန်းဝင်း အထက(၁) မကွေးတို့က ရရှိကြသည်။

အလွတ်တန်းအဆင့် ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် မောင်စိုင်းစိုးလှိုင် ရှမ်းပြည်နယ် (အရှေ့)က ပထမ၊ မမြတ်ဇင်မာအေး မွန်ပြည်နယ်က ဒုတိယ၊ မဆုဝေဖြိုး ရှမ်းပြည်နယ် (အရှေ့)က တတိယရရှိကြပြီး အထူးဆုများအဖြစ် မောင်သူရပိုင်စိုး ဧရာဝတီတိုင်း၊ မောင်မြင့်ဆွေ ဧရာဝတီတိုင်းနှင့် မောင်အောင်မြင့်မြတ် ရှမ်းပြည်နယ် (အရှေ့)တို့က ရရှိကြသည်။

အလွတ်တန်းအဆင့် ဓာတ်ပုံပြိုင်ပွဲတွင် အောင်ကျော်ထွန်း (ပုသိမ်ကြီး) က ပထမ၊ လှိုင်သန်းတင့် (ရွှေပန်းချီ)က ဒုတိယ၊ မောင်ငယ် (ကမ္ဘောဇ)က တတိယရရှိကြပြီး အထူးဆုများအဖြစ် လှိုင်သန်းတင့် (ရွှေပန်းချီ)နှင့် တင့်ဆွေဦး (တောင်ကြီး)တို့က ရရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့

နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ လှည့်လည်လေ့လာ

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြသည်။

အဆိုပါ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ နိုင်ငံခြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Souphakhet နှင့်ဇနီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါပြီး မွန်းလွဲ ၁ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြရာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုး နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် အဆောက်အအုံအပေါ်ထပ်၌ ပြသထားသည့် ကျောက်မျက်ရတနာများကို ကြည့်ရှု လေ့လာကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက ကျောက်မျက်ရတနာပြတိုက် ဧည့်သည်တော် မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ့ ကျောက်မျက်ရတနာပြတိုက် အဆောက်အအုံ အောက်ထပ်၌ ကျောက်မျက်ရတနာ ကုမ္ပဏီများက ရောင်းချလျက်ရှိသည့် ကျောက်မျက်ရတနာများကို လိုက်လံကြည့်ရှု လေ့လာကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမသို့ ရောက်ရှိလာကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များအား မြို့တော်ခန်းမ အပေါ်ထပ်ရှိ မြို့တော်မင်္ဂလာခန်းမ၌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းကြရာ မြို့တော်ဝန်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနရုံးများ၊ ပြည်သူ့လွှတ်တော်အဆောက်အအုံနှင့် သမ္မတအိမ်တော် အဆောက်အအုံ တည်ဆောက်နေမှု၊ ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်

နေပြည်တော် ဇွန် ၂၁

မန္တလေးမြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရေတံခွန်တောင် ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် ကွေ့ကြီးကုန်းကျေးရွာရှိ နွေစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကျော်မြင့်ခိုင်အား ဆုချီးမြှင့်ပေးအပ်စဉ်။ (အား/ကာ)

အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၂၁

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ် ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ စားပွဲတင်တင်းနစ် လေ့ကျင့်ခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသား အလွတ်တန်း တစ်ဦးချင်း ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကြည်မြင့်အား လည်းကောင်း၊ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော် က ဒုတိယဆုရရှိသော လှမျိုးခိုင်အား လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရရှိသော ကျော်မြင့်ခိုင်အား လည်းကောင်း ဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

အလားတူ ၂၀၁၀ ခုနှစ် အပြည် ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်း အမှတ် တင်းနစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ကြသည်။

ထို့အတူ ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကျုံးကြီးလမ်း အမျိုးသား ကြက်တောင် အားကစားခန်းမ၌ ကျင်းပသော ၂၀၁၀ ခုနှစ် အပြည်ပြည် ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ကြက်တောင်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာ့ကဏ္ဍ
- ၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
- ၆း၄၀ ၁၄။ အကြင်နာလက်တစ်စုံ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၂၁)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေး တေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဟာသရုပ်စုံ -ကံစမ်းမဲ (ဝက်မအဖွဲ့နှင့် မိုးတိမ်အဖွဲ့)
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၃၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

◆ ကျောဖုံးမှ

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းသည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်မှ ဇေယျာသီရိဗိမာန်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်တို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

(သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်း ခံယူ

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

ကမ္ဘောဇနှင့် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်တို့ တစ်မှတ်စီခွဲယူ

ရန်ကုန်　ဇွန်　၂၁

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် ကမ္ဘောဇအသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းတို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေကျသွားသည်။

ကမ္ဘောဇ - ဂိုးမရှိ
ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

ယမန်နှစ် ၂၀၀၉ ပြိုင်ပွဲတွင်လည်း ပွဲဦးထွက် ပွဲစဉ်အဖြစ် တွေ့ဆုံစဉ်က ကမ္ဘောဇနှင့် ရန်ကုန်ယူနိုက်တက်တို့ တစ်ဂိုးစီ သရေကျခဲ့သလို ယခုပြိုင်ပွဲတွင်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ နှစ်သင်းစလုံးတွင် အသင်းကြီး၌ ကစားဖူးသူ အနည်းငယ်သာပါဝင်လာပြီး လူငယ်ကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့သောကြောင့် အကောင်းဆုံးပုံစံမျိုး ထုတ်မပြနိုင်ခဲ့ပေ။ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းမှာ အနိုင်ရနိုင်မည့် ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်း ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် တိုက်စစ်မှူး ကောင်းစည်သူ ဤသို့ ခေါင်းတိုက် ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း...။

ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း ပိုဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်တွင် အမှားများနေ၍ ထိရောက်သည့် ဂိုးသွင်းခွင့် မရခဲ့ပေ။ တိုက်စစ်မှူးဖြစ်သည့် ကောင်းစည်သူ ခြေစွမ်းပြနိုင်ခြင်း မရှိသလို တောင်ပံကစားသမားများမှာလည်း အတွေ့အကြုံ နုနယ်သေး၍ တိုက်စစ်ကို ကောင်းစွာပံ့ပိုးနိုင်ခြင်း မရှိပေ။ တိုက်စစ်တွင် သူရိန်စိုး၊ ကွင်းလယ်တွင် အောင်သန်းဝင်းတို့ ဦးဆောင်ပါဝင်လာသည့် ကမ္ဘောဇအသင်းမှာလည်း ပထမပိုင်းတွင် ထင်သလောက် ခြေစွမ်းပြနိုင်ခြင်း မရှိပေ။ ၄၁ မိနစ်တွင် လွှင်ကိုနိုင် အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်သွား၍ ရန်ကုန်အသင်း နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း ကမ္ဘောဇအသင်းမှာ ရန်ကုန်ယူနိုက်တက် ဂိုးပေါက်ကို ထိရောက်သည့်ခြိမ်းခြောက်မှုမျိုးပြုလုပ်နိုင်ခြင်းမရှိဘဲ ရန်ကုန်အသင်းက ပိုဖိကစားနိုင်ခဲ့သည်။ ရန်ကုန်အသင်းမှာလည်း ဂိုးရနိုင်သည့်အခွင့်အရေးများ ပထမပိုင်းထက် ပိုမိုရရှိခဲ့ပြီး အသုံးမချနိုင်၍သာ နိုင်ပွဲမရခဲ့ခြင်း ဖြစ်သည်။ မိနစ် ၆၀ တွင် လွှင်ကိုနိုင်၏ အပိုင်ကန်ချက်ကို ကမ္ဘောဇဂိုးသမား ရဝေဇင် ကာကွယ်နိုင်ခဲ့သလို တိုက်စစ်မှူး ကောင်းစည်သူ၏ ဂိုးရနိုင်သည့်အခွင့်အရေး သုံးကြိမ်မှာလည်း ဂိုးမဖြစ်ခဲ့၍ ရန်ကုန်ယူနိုက်တက် နစ်နာခဲ့ရသည်။

(ကြေးမုံ)

အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၁/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန်　ဇွန်　၂၁

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း (၁/၂၀၁၀) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဖွင့်အမှာစကား ပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၄ ဦး တက်ရောက်ကြပြီး ဇွန် ၂၁ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိအန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြား အသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကိုသတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသောတစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

အီရန်နှင့် ဓာတ်ငွေ့ပိုက်သွယ်ရေး ပါကစ္စတန် ဆက်လက်အကောင်အထည်ဖော်မည်

အစ္စလမ္မာဘတ် ဇွန် ၂၁

ပါကစ္စတန်နိုင်ငံသည် စွမ်းအင်လိုအပ်ချက်များ ရှိနေသဖြင့် အီရန်နိုင်ငံအပေါ် အရေးယူမှုများ ရှိနေသော်ငြားလည်း ၎င်းနှင့် ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှာ့မက်မွတ်ကူရီရှီက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

သဘောတူညီ

ပါကစ္စတန်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက် ရှုထောင့်မှကြည့်၍ လက်ရှိအစိုးရက အီရန်နိုင်ငံနှင့် ဓာတ်ငွေ့ပိုက်သွယ်ရေး သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဤသဘောတူညီမှုသည် ပါကစ္စတန်၏ အကျိုးစီးပွားဖြစ်ကြောင်း၊ ပါကစ္စတန်၏ အကျိုးစီးပွားနှင့် နိုင်ငံတကာဥပဒေကိုသာလျှင် ကြည့်ရှုခြင်းဖြစ်ကြောင်း၊ အီရန်-ပါကစ္စတန်ဓာတ်ငွေ့ပိုက်လိုင်း သဘောတူညီချက်သည် အီရန်နိုင်ငံအပေါ် အရေးယူမှုအောက်တွင် မရှိကြောင်း ဝန်ကြီးပြောကြားခြင်းကို ပရက်(စ်)တီဗွီက ကိုးကားဖော်ပြသည်။

ထုတ်ဖော်ပြောကြား

၎င်းသဘောတူညီချက် အဆင့်အသီးသီးအားလုံးကို နောက်ဆုံးအတည်ပြုပြီးဖြစ်ကြောင်း၊ အစ္စလမ္မာဘတ်အနေဖြင့် အစီအစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန်နိုင်ငံက ပါကစ္စတန်နိုင်ငံသို့ ၂၀၁၄ ခုနှစ်မှ စတင်၍ သဘာဝဓာတ်ငွေ့များ ထောက်ပံ့မည့် ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော ကန်ထရိုက်စာချုပ်တစ်ခုကို အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့ တနင်္ဂနွေနေ့၌ အပြီးသတ်လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုနေ့မှာပင် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်ဆိုင်ရာ အထူးသံတမန် ရစ်ချက်ဟိုးလ်ဘရုဒ်က အီရန်နှင့် လက်မှတ်ရေးထိုးခဲ့သော ဓာတ်ငွေ့ပိုက်လိုင်းသွယ်ရေး စာချုပ်သည် အမေရိကန်ကွန်ဂရက်၏ နောက်ဆုံး အပြီးသတ်နေသော အီရန်နိုင်ငံအပေါ် အရေးယူရေးနှင့် ငြိစွန်းနိုင်ကြောင်း ပါကစ္စတန်အား သတိပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရှာ့မက်မွတ်ကူရီရှီ။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်အလယ်ပိုင်းရှိ ကျောက်မီးသွေးတွင်းပေါက်ကွဲ အလုပ်သမား ၄၇ ဦး သေဆုံး

ပေကျင်း ဇွန် ၂၁

တရုတ်နိုင်ငံအလယ်ပိုင်း၌ ဇွန် ၂၁ ရက်က ကျောက်မီးသွေးတွင်း ပေါက်ကွဲခဲ့ရာ အလုပ်သမား အနည်းဆုံး ၄၇ ဦး သေဆုံးခဲ့သည်ဟု တရုတ်နိုင်ငံသတင်းဌာနက ဖော်ပြခဲ့သည်။

ဟီနန်ပြည်နယ် ပင်ဒင်ရှန်မြို့ရှိ ကျောက်မီးသွေးတွင်း ပေါက်ကွဲခဲ့သည်ဟု လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အုပ်ချုပ်ရေးဌာနက ပြောကြားသည်။

လွတ်မြောက်

အဆိုပါ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုတွင် ကနဦးက မိုင်းတွင်းထဲ၌ မိုင်းလုပ်သား ၇၂ ဦး ပိတ်မိနေသော်လည်း ၂၆ ဦးမှာ အသက်ဘေးရန်မှ လွတ်မြောက်ခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။

မိုင်းတွင်းပေါက်ကွဲမှုကြောင့် ကာဗွန်မိုနိုအောက်ဆိုဒ်ဓာတ်ငွေ့ထွက်လာသဖြင့် သေဆုံးသူဦးရေ များပြားရခြင်းဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ရခြင်း၏ အကြောင်းအရင်းကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း စီစီတီဗွီသတင်းဌာနဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

သေဆုံး

တရုတ်နိုင်ငံ၏ ကျောက်မီးသွေးတွင်းလုပ်ငန်းသည် မကြာသေးမီနှစ်များက ဘေးအန္တရာယ်ကင်းရှင်းအောင် သိသာစွာ တိုးမြှင့်လုပ်ဆောင်နိုင်ခဲ့သော်လည်း ကမ္ဘာတွင် သေဆုံးမှုအများဆုံး ဖြစ်နေသည်။ ယမန်နှစ်က ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုနှင့် မတော်တဆမှုများကြောင့် ကျောက်မီးသွေးလုပ်သား ၂၆၀၀ ကျော် သေဆုံးခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ် ပင်ဒင်ရှန်ဒေသရှိ ပေါက်ကွဲမှုဖြစ်ပွားခဲ့သော စင်တုံ အမှတ်(၂) ကျောက်မီးသွေးတွင်း အတွင်းသို့ ဝင်ရောက်ရန် ကယ်ဆယ်ရေးအဖွဲ့များ ပြင်ဆင်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ အသေခံဗုံးခွဲတိုက်ခိုက် ၃၃ ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် လူစည်ကားသည့် စီးပွားရေးအချက်အချာကျသော ခရိုင်နှင့် ဆဒမ်ဟူစိန်၏ ဇာတိမွေးရပ်မြေ တီကရစ်မြို့တို့တွင် တနင်္ဂနွေနေ့၌ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းများကြောင့် ၃၃ ဦး သေဆုံးခဲ့သည်။

ဘဂ္ဂဒက်မြို့တွင်းရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခု၏ဂိတ်ကို ပတ်ပတ်လည် ကာရံထားသော တံတိုင်းကို ဖောက်ခွဲဖျက်ဆီးပြီးနောက် အမိုးနီးယားနိုက်ထရိတ် ပေါင် ၁၈၀ နီးပါး တင်ဆောင်ထားသော ကားနှစ်စီးဖြင့် ဗုံးခွဲသူများက ဝင်တိုက်၍ ကားများကို ဖောက်ခွဲခဲ့ကြသည်ဟု အီရတ် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ကာစင်အယ်လ်မူဆာဝီက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုတွင် ၂၈ ဦး သေဆုံးပြီး ၅၇ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကြည့်ရှု

နာရီအနည်းငယ်ကြာပြီးနောက် တီကရစ်မြို့တော်၏ မြောက်ပိုင်းတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ရဲတပ်ဖွဲ့ဝင်များနှင့် လူအများ ကြည့်ရှုနေစဉ် ဗုံးဝတ်ဆင်ထားသူ တစ်ဦးက အသေခံ ဖောက်ခွဲခဲ့ခြင်း ဖြစ်သည်။

ယင်းဖြစ်ရပ်တွင် အနည်းဆုံး ငါးဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့နှင့် ဆေးရုံမှ တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘီလာရု(စ်)သို့ ဓာတ်ငွေ့ပေးပို့မှု ရုရှားလျှော့ချမည်

မော်စကို ဇွန် ၂၁

အိမ်နီးချင်း ဘီလာရု(စ်)နိုင်ငံသို့ ပေးပို့နေသော သဘာဝဓာတ်ငွေ့ကို ကမ္ဘာ့စံတော်ချိန် ၆ နာရီမှ စတင်၍ ၈၅ ရာခိုင်နှုန်း လျှော့ချရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် ဂက်(စ်)ပရွမ်ကုမ္ပဏီ၏ အကြီးအကဲအား ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က အမိန့်ပေးလိုက်ကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

ပျက်ကွက်

ဂက်(စ်)ပရွမ်အကြီးအကဲ အဲလက်(စ်) အီမီလာက ဘီလာရု(စ်)နိုင်ငံသည် ဓာတ်ငွေ့ဖိုး ကြွေးမြီများကို ပေးဆပ်ရန် ပျက်ကွက်နေကြောင်း သမ္မတထံသို့ တင်ပြပြီးနောက် မော်စကိုမြို့တော်ပြင်ပရှိ စံတော်အိမ်၌ မီလာနှင့် ဆွေးနွေးကာ ဖော်ပြပါအတိုင်း ခိုင်းစေခြင်းဖြစ်ကြောင်း သတင်းဌာနများက ကိုးကားဖော်ပြကြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ဘီလာရု(စ်)နိုင်ငံသည် ၎င်းတင်ရှိနေသော ကြွေးမြီဒေါ်လာ ၁၉၂ သန်း (ယူရို ၁၅၅ သန်း)ကို မပေးဆပ်ခဲ့လျှင် ဓာတ်ငွေ့ပေးပို့မှုကို လျှော့ချမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ၏ အကြီးမားဆုံးသော ဓာတ်ငွေ့ထုတ်လုပ်သည့် ကုမ္ပဏီ ဂက်(စ်)ပရွန်က သတိပေးခဲ့ပြီ ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဂက်(စ်)ပရွမ်ကုမ္ပဏီရုံးချုပ်အား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တိုက်ပွဲဖြစ် တပ်ဖွဲ့ဝင် သုံးဦးနှင့် စစ်သွေးကြွရှစ်ဦး သေဆုံး

အစ္စလမ္မာဘတ် ဇွန် ၂၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အိုရတ်ဆိုင်မျိုးနွယ်စုဒေသတွင် ဇွန် ၂၁ ရက် နံနက်က တိုက်ပွဲဖြစ်ပွားရာ ပါကစ္စတန်တပ်ဖွဲ့ဝင် သုံးဦးနှင့် စစ်သွေးကြွရှစ်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

စစ်သွေးကြွများသည် လုံခြုံရေးတပ်ဖွဲ့၏ယာဉ်ကို ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ရာ ပါကစ္စတန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။

စစ်သွေးကြွများနေထိုင်ရာ ပါကစ္စတန်မျိုးနွယ်စု ဒေသတစ်ဝိုက်ကို ပါကစ္စတန်တပ်ဖွဲ့က ပြန်လည်တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွရှစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ ရှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်အတွင်းရှိ ဈေးတစ်ဈေး၌ ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ လူရှစ်ဦး သေဆုံးပြီး အနည်းဆုံး ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ၁၈၅ မိုင် (ကီလိုမီတာ ၃၀၀)အကွာ ရှာကက်မြို့၌ ဇွန် ၂၀ ရက် နှောင်းပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲရာနေရာသို့ ရဲနှင့် ပြည်သူများ လာရောက်ကြည့်ရှုနေစဉ် ပထမဗုံးကွဲပြီး မိနစ်ပိုင်းမျှအကြာတွင် ဗုံးဖောက်ခွဲရေးသမားတစ်ဦးသည် ၎င်း၏ကိုယ်၌ ဝတ်ဆင်ထားသော ဗုံးကို ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဒုတိယဗုံးဖောက်ခွဲမှုတွင် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့သည်ဟု အီရတ် ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

ပထမဗုံးပေါက်ကွဲမှုတွင် တစ်ဦးမျှ ထိခိုက်ဒဏ်ရာမရရှိဟု အီရတ်နိုင်ငံ လုံခြုံရေးဌာနက ပြောကြားသည်။

ဒုံးကျည်ဖြင့်ပစ်ခတ်

ဘဂ္ဂဒက်၌လည်း ဇွန် ၂၀ ရက်က ဗုံးပေါက်ကွဲခြင်းနှင့် ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းများ ဖြစ်ပွားခဲ့ရာ စုစုပေါင်း လူ ၂၆ ဦး သေဆုံးပြီး ၅၃ ဦး ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် ရဟတ်ယာဉ်ပျက်ကျ နေတိုးတပ်ဖွဲ့ဝင် လေးဦး သေဆုံး

ကဘူး ဇွန် ၂၁

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် တနင်္လာနေ့က ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ နိုင်ငံတကာတပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ပြောကြားသည်။

၎င်းတို့အနက် သုံးဦးသည် ဩစတြေးလျနိုင်ငံသားများဖြစ်ကြောင်း၊ နောက်ထပ် ဩစတြေးလျတပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရရှိပြီး နှစ်ဦးမှာ စိုးရိမ်ရကြောင်း ဩစတြေးလျ လေတပ်ဗိုလ်ချုပ်ကြီး အန်းဂတ်(စ်)ဟော့(စ်)တွန်က ပြောကြားသည်။

နေတိုးအဖွဲ့၏ ကြေညာချက်တွင် ယင်းရဟတ်ယာဉ်ပျက်ကျရခြင်းသည် ရန်သူ့တိုက်ခိုက်မှုကြောင့်ဟူ၍ ရည်ညွှန်းသော ဖော်ပြမှုမျိုး မပါရှိပေ။

အာဖဂန်နစ္စတန်၌ တပ်စွဲထားသော နေတိုးတပ်ဖွဲ့တွင် ဩစတြေးလျတပ်ဖွဲ့ဝင် ၁၅၀၀ ရှိသည်။ တနင်္လာနေ့ သေဆုံးသူ အပါအဝင် စုစုပေါင်း သေဆုံးသော ဩစတြေးလျတပ်ဖွဲ့ဝင် ၁၆ ဦး ရှိပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ပျဉ်းမနားတွင် ၁ ဒသမ ၃၅ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ မြစ်ငယ်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၇၄ လက်မ၊ မြစ်ကြီးနားမြို့တွင် သုည ဒသမ ၉၄ လက်မ၊ ပြင်ဦးလွင်မြို့တွင် သုည ဒသမ ၇၀ လက်မ၊ ခန္တီးမြို့တွင် သုည ဒသမ ၆၃ လက်မနှင့် တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၅ဒသမ ၅ဒီဂရီစင်တီဂရိတ်)	၉၄ ဒီဂရီဖာရင်ဟိုက်	၂၀-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန်	(၂၆ဒသမ ၅ ဒီဂရီစင်တီဂရိတ်)	၈၀ ဒီဂရီဖာရင်ဟိုက်	၂၁-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၇၈ ရာခိုင်နှုန်း		၂၁-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	၅ ဒသမ ၇ နာရီခန့်		၂၀-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၂၁-၆-၂၀၁၀	Tr	မရှိပါ	၃မမ (၀.၁၂လက်မ)
၁-၁-၂၀၁၀ မှ	၆၃၈မမ	၇၀၃မမ	၇၁၈မမ
ယနေ့အထိ	(၂၅ ဒသမ ၁၂လက်မ)	(၂၇ ဒသမ ၆၈လက်မ)	(၂၈ ဒသမ၂၇ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၀-၆-၂၀၁၀ ရက် ၆း၃၀ နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်းတိုက်ခတ်သည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရပ်ကွက်(၁)၊ ဆင်ကူးလမ်း၊ အိမ်အမှတ်(၁၁၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၁-၆-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

ပေါ်တူဂီခြေစွမ်းပြပြီး မြောက်ကိုရီးယားကို ဂိုးဒါဇင်ဝက်ကျော်သွင်း အိုင်ဗရီကို့စ်ကိုအနိုင်ရသည့်ဘရာဇီး နောက်တစ်ဆင့်တက်ရန်သေချာ

ဂျိုဟန်နက်စဘတ် ဇွန် ၂၁

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်များကို ယနေ့ညမှာ ဆက်လက်ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီအသင်း ခြေစွမ်းပြပြီး မြောက်ကိုရီးယားကို ခုနစ်ဂိုးပြတ်သွင်း အနိုင်ရရှိခဲ့ပါတယ်။

ပေါ်တူဂီ ၇-၀ မြောက်ကိုရီးယား

ပထမပွဲစဉ်မှာ သရေတစ်မှတ်သာ ရထားတဲ့ပေါ်တူဂီအတွက် ဒီပွဲဟာအုပ်စုတက်ရေး အရေးပါတဲ့ပွဲဖြစ်တာကြောင့် စီရော်နယ်လ်ဒို၊ တီယာဂို၊ အယ်လ်မေးဒါး၊ မီရီလက်ဇ်၊ ဆီမာအို၊ ကာဗယ်ဟိုတို့နဲ့ လူစုံခဲ့ပါတယ်။ မြောက်ကိုရီးယားဟာ ကြိုးစားအားထုတ်မှု ကောင်းပေမယ့် ကျွမ်းကျင်မှုနဲ့သမ္မာသာတဲ့ ပေါ်တူဂီရဲ့ တီယာဂို၊ စီရော်နယ်လ်ဒို၊ မီရီလက်ဇ်၊ ဆီမာအိုတို့ရဲ့တွဲလုံးတွေနဲ့ ထိုးဖောက်လာမှုကို မြောက်ကိုရီးယား နောက်တန်း ကြာကြာတောင့်မခံနိုင်ဘဲ ပွဲချိန် ၂၉ မိနစ်မှာ မီရီလက်ဇ်က ပထမဂိုး၊ ၅၃ မိနစ်မှာ ဆီမာအိုက ဒုတိယဂိုး၊ ၅၆ မိနစ်မှာ အယ်လ်မေးဒါးက တတိယဂိုး၊ မိနစ် ၆၀ မှာ တီယာဂိုက စတုတ္ထဂိုး၊ ၈၁ မိနစ်မှာ လိုင်ဒီဆင်က ပဉ္စမဂိုး၊ ၈၈ မိနစ်မှာ စီရော်နယ်လ်ဒိုက ဆဋ္ဌမဂိုးနဲ့ ၈၉ မိနစ်မှာ တီယာဂိုက သတ္တမဂိုးတို့ကို သွင်းယူခဲ့ပါတယ်။

ချီလီ ၁-၀ ဆွစ်ဇာလန်

ယနေ့ညရဲ့ ဒုတိယပွဲစဉ်အဖြစ် ချီလီနဲ့ ဆွစ်ဇာလန်တို့ ယှဉ်ပြိုင်ကစားကြရာ ချီလီက ပွဲချိန် ၇၅ မိနစ်မှာ မာ့ခ်ဂွန်ဇာလက်ဇ်ရဲ့သွင်းဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ဆွစ်ဇာလန်အသင်းမှ ဘက်ခ်ျရာမီပွဲချိန် ၃၁ မိနစ်မှာ တိုက်ရိုက်အနီကတ်နဲ့ ထွက်ခဲ့ရပါတယ်။

ဘရာဇီး ၃-၁ အိုင်ဗရီကို့စ်

တနင်္လာနေ့ နံနက်ပိုင်းက ဘရာဇီးနဲ့ အိုင်ဗရီကို့စ်တို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့

ပါတယ်။ ဘရာဇီးအတွက်ဂိုးများကို ပွဲချိန် ၂၅ မိနစ်နဲ့ ၅၁ မိနစ်တို့မှာ ဖေဘီယာနိုနဲ့ ပွဲချိန် ၆၂ မိနစ်မှာ အီလာနိုတို့က သွင်းယူခဲ့ပြီး အိုင်ဗရီကို့စ်အတွက် ဂိုးကို ပွဲချိန် ၇၉ မိနစ်မှာ ဒရော့ဘာကသွင်းယူပေးခဲ့ပါတယ်။ ဘရာဇီးအသင်းဟာ ဒီပွဲအနိုင်ရလိုက်တာကြောင့် နောက်တစ်ဆင့်တက်ရန် သေချာသွားပြီး ယခုပွဲမှာ ဘရာဇီးကစားသမား ကာကာ ပွဲချိန် ၈၈ မိနစ်မှာ နှစ်ဝါ၊ တစ်နီနဲ့ထုတ်ပယ်ခြင်း ခံခဲ့ရပါတယ်။

ဝင်းတင် (ကြေးမုံ)

ပေါ်တူဂီအသင်းအတွက် တတိယဂိုးကို အယ်လ်မေးဒါးသွင်းယူစဉ်။

အနိုင်သေချာ

ဘရာဇီးအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို အီလာနိုက ဤသို့သွင်းယူခဲ့သည်။

အုပ်စုတက်ရေး အပြေထုတ်ကြတော့မည့် အုပ်စု (A)နှင့် (B)နောက်ဆုံးပွဲစဉ်များ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များမှ အုပ်စု (A)နဲ့ အုပ်စု (B)နောက်ဆုံးပွဲစဉ်များအဖြစ် မက္ကဆီကိုနဲ့ ဥရုဂွေး၊ ပြင်သစ်နဲ့ တောင်အာဖရိက၊ ဂရိနဲ့ အာဂျင်တီးနား၊ နိုင်ဂျီးရီးယားနဲ့ တောင်ကိုရီးယားတို့ ယှဉ်ပြိုင်ကြရမှာဖြစ်တာကြောင့် အုပ်စုတက်ခွင့်ရအသင်းတွေ ပေါ်ထွက်လာတော့မှာပါ။

မက္ကဆီကို - ဥရုဂွေး
၂၂-၆-၂၀၁၀ (အင်္ဂါနေ့)
ည ၈း၃၀ နာရီ

နှစ်သင်းလုံး လေးမှတ်စီရထားတာကြောင့် သရေကစားရုံနဲ့ နှစ်သင်းလုံး နောက်တစ်ဆင့်တက်နိုင်တော့မှာပါ။မက္ကဆီကိုရဲ့ ကွင်းလယ်ကစားပုံကောင်းမွန်လှသလို ဥရုဂွေးရဲ့အသင်းလိုက်စုစည်းမှုကလည်း အားကောင်းလှပါတယ်။ ဒီပွဲကို အနိုင်၊ အရှုံး အပြေပေါ်အောင် ကစားသွားမယ်ဆိုရင် ပြင်သစ်ကို အခွင့်အရေးပေးသလို ဖြစ်သွားမှာဖြစ်တာကြောင့် မက္ကဆီကိုနဲ့ ဥရုဂွေး ဒီပွဲကို ဘယ်လိုအပြေထုတ်သွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

ပြင်သစ် - တောင်အာဖရိက
၂၂-၆-၂၀၁၀ (အင်္ဂါနေ့)
ည ၈း၃၀ နာရီ

အုပ်စုကျော်ဖြတ်ရေးမျှော်လင့်ချက်က မရှိသလောက်မှေးမှိန်လွန်းလှတဲ့ ဒီနှစ်သင်းရဲ့ပြိုင်ဆိုင်မှုက ပြင်းထန်မှုရှိမှာမဟုတ်တော့တာကြောင့် ပွဲအေးတစ်ပွဲဖြစ်ဖို့များနေပါတယ်။ ဒါပေမယ့် မျှော်လင့်ချက်ရောင်ခြည်နဲ့အတူ ဂုဏ်သိက္ခာအတွက် ကစားလာမယ့် ပြင်သစ် အနိုင်ကို ပုံဖော်နိုင်ဖို့ ရာနှုန်းများနေပါတယ်။

ဂရိ - အာဂျင်တီးနား
၂၃-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)
နံနက် ၁ နာရီ

နှစ်ပွဲရှုံးထားတဲ့ဂရိ အုပ်စုတက်ဖို့ မျှော်လင့်ချက်မရှိတော့ဘူးလို့ ဆိုရမှာပါ။ အာဂျင်တီးနားကတော့ အုပ်စုတက်ဖို့ သေချာသွားပြီဆိုပေမယ့် အုပ်စုဗိုလ်ရရေး အနည်းဆုံး သရေတစ်မှတ်ရအောင် ကြိုးစားလာမှာပါ။ ဒါကြောင့် အာဂျင်တီးနား ဒီပွဲမှာ ဂိုးသွင်းစွမ်းရည်ပြဦးမလားဆိုတာ စောင့်ကြည့်ရမှာပါ။

နိုင်ဂျီးရီးယား - တောင်ကိုရီးယား
၂၃-၆-၂၀၁၀ (ဗုဒ္ဓဟူးနေ့)
နံနက် ၁ နာရီ

နှစ်သင်းလုံး သုံးမှတ်စီရထားတာကြောင့် အုပ်စုတက်ရေး အခွင့်အရေးက ဆတူရှိနေပါတယ်။ ဒါ့ပြင် ဒီပွဲနိုင်တဲ့အသင်းက အုပ်စုတက်ခွင့်ရမှာ ဖြစ်တာကြောင့် ပြိုင်ဆိုင်မှုအပြင်းအထန်ဆုံး ပွဲတစ်ပွဲ ဖြစ်လာမှာပါ။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းအား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။ စာမျက်နှာ ၉ ကော်လံ ၄ သို့ ◆

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

(သတင်းစဉ်)